**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်ရက်ချိန်းရယူခြင်းအားကြိုတင်စာရင်းသွင်းသည့်စနစ်(Online Booking System)သို့ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်းအသိပေးကြေညာခြင်း**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Corona Virus Disease 2019 (COVID–19) ကာကွယ်၊ထိန်းချုပ်၊ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ခွင့်ပြုချက်အရ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံးတွင် ၂၀.၁.၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)မှ စတင်၍ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများပြန်လည်ဖွင့်လှစ်ရာတွင်ပြည်သူများအဆင်ပြေစေရေးနှင့် လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online booking System)ဖြင့်၂၀.၁.၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်နှင့် ထရော်လာဂျီယာဉ်များ၏ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်လိုသည့် ယာဉ်ပိုင်ရှင်များသည် မိမိကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်လိုသည့်နေ့ရက်ကို www.rtad.gov.mm Website တွင် Online booking ကို၁၈.၁.၂၀၂၁ရက်(တနင်္လာနေ့)မှစတင်၍ အနည်းဆုံး(၁)ရက်မှ အများဆုံး (၁၀)ရက် အထိကြိုတင်ရယူနိုင်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် ရုံးများအလိုက်အောက်ပါစီးရေအတိုင်း အချိန်များခွဲခြား၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်–

**(စီးရေ)**

| စဉ် | အကြောင်းအရာ | နံနက်ပိုင်း | | နေ့လယ်ပိုင်း | |
|---|---|---|---|---|---|
| | | ၉:၀၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၄:၃၀ ထိ | ၁၄:၃၀မှ ၁၆:၀၀ ထိ |
| (၁) | **မော်တော်ဆိုင်ကယ်** – ခရိုင်ရုံး(မန္တလေး၊ တောင်ပိုင်း/မြောက်ပိုင်း) | ၇၅ | ၇၅ | ၇၅ | ၇၅ |
| | – ကျန်နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| (၂) | **သုံးဘီးမော်တော်ဆိုင်ကယ်/လူစီးသုံးဘီးမော်တော်ယာဉ်** (ရုံးများအားလုံး) | ၁၀ | ၁၅ | ၁၅ | ၁၀ |
| (၃) | **ထရော်လာဂျီ** (ရုံးများအားလုံး) | ၁၀ | ၁၅ | ၁၅ | ၁၀ |

စာမျက်နှာ – ၂သို့ →

၅။ Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com,www.rtad.gov.mm Websiteများနှင့် RTADHQ Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။Online Booking လျှောက်ထားသည့် Appointment Letter ၌ ကြိုတင်ဖော်ပြထားသည့် COVID-19 ကာကွယ်ရေးဆိုင်ရာလိုက်နာ ဆောင်ရွက်ရမည့်အချက်များအား သေချာစွာဖတ်ရှု၍တိကျစွာအလေးထားလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| ရုံးအမည် | ဖုန်းနံပါတ် | ရုံးအမည် | ဖုန်းနံပါတ် |
|---|---|---|---|
| - ရုံးချုပ်(နေပြည်တော်) | ၀၆၇-၃၄၀၅၀၉၉ | - တိုင်းဒေသကြီးရုံး (မကွေး) | ၀၉-၄၃၁၂၃၇၀၈<br>၀၉-၂၅၆၃၁၂၆၂၈ |
| - နေပြည်တော်ရုံး | ၀၆၇-၅၁၀၀၆၂<br>၀၉-၄၂၁၃၆၃၆၈၆ | - တိုင်းဒေသကြီးရုံး (မန္တလေး) | ၀၂-၄၀၆၆၁၆၉<br>၀၂-၄၀၃၆၆၉၇<br>၀၂-၄၀၆၁၈၃၆ |
| - ပြည်နယ်ရုံး (မြစ်ကြီးနား) | ၀၇၄-၂၅၂၂၆၆၁ | - ပြည်နယ်ရုံ(မော်လမြိုင်) | ၀၉-၂၅၅၇၆၃၂၉၃<br>၀၉-၄၄၂၂၀၁၇၆၃ |
| - ပြည်နယ်ရုံး(လွိုင်ကော်) | ၀၈၃-၂၂၂၁၁၂၂<br>၀၉-၄၁၀၀၂၆၈၃ | - ပြည်နယ်ရုံး(စစ်တွေ) | ၀၄၃-၂၃၃၂၆<br>၀၉-၂၆၄၄၀၄၀၇၂ |
| - ပြည်နယ်ရုံး(ဘားအံ) | ၀၅၈-၂၁၁၆၁ | - တိုင်းဒေသကြီးရုံး (ရန်ကုန်) | ၀၁-၅၇၃၁၀၉<br>၀၅၆-၂၁၀၈၀<br>၀၁-၃၆၄၄၄၁၁ |
| - ပြည်နယ်ရုံး(ဟားခါး) | ၀၇၀-၂၁၀၉၂<br>၀၉-၄၅၀၀၄၃၈၄၁ | - ပြည်နယ်ရုံး(တောင်ကြီး) | ၀၈၁-၂၁၂၃၈၄၈<br>၀၈၁-၂၁၂၁၅၈၄ |
| - တိုင်းဒေသကြီးရုံး (စစ်ကိုင်း)မုံရွာ | ၀၉-၅၄၁၁၂၇၆<br>၀၉-၄၄၄၀၃၂၈၃၅ | - တွဲဖက် ပြည်နယ်ရုံး(လားရှိုး) | ၀၈၂-၂၂၀၃၃၈၃<br>၀၈၂-၂၈၀၈၀ |
| - တိုင်းဒေသကြီးရုံး (ထားဝယ်) | ၀၅၉-၂၀၂၂၄၆၃<br>၀၅၉-၂၀၂၁၁၈၈ | - တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ) | ၀၉-၄၂၉၀၃၀၆၇၆ |
| - တိုင်းဒေသကြီးရုံး(ပဲခူး) | ၀၅၂-၂၂၃၀၀၄၆<br>၀၉-၈၈၉၀၀၄၄၂၂ | - တိုင်းဒေသကြီးရုံး (ပုသိမ်) | ၀၄၂-၂၀၂၄၅၁၃<br>၀၉-၇၇၁၃၈၇၃၅၃ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကနဦးမော်တော်ဆိုင်ကယ်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန်

# Letter of Appointment

နံနက်ပိုင်း (၉:၀၀ နာရီ မှ ၁၀:၃၀ နာရီအထိ)
သက်မှတ်ချိန်အတွင်းလုပ်ငန်းလာရောက်ဆောင်ရွက်ရန်

| | | |
|---|---|---|
| အမှတ်စဉ် | : | 5ffbb2ec1235 |
| ရက် စွဲ | : | 14-1-2021 |

| | | | |
|---|---|---|---|
| ၁။ | လာရောက်ဆောင်ရွက်မည့်သူအမည် | – | U MYO MIN HLAING |
| | လာရောက်ဆောင်ရွက်သူ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် | – | 12/BAHANA(N)011909 |
| ၂။ | ကုမ္ပဏီ/အရောင်းပြခန်း အမည် | – | MYO YI Win COLTD |
| | ကုမ္ပဏီ/အရောင်းပြခန်း၏ မှတ်ပုံတင်အမှတ် | – | 4567123 |
| ၃။ | လုပ်ငန်းဆောင်ရွက်မည့်ရုံး | – | နေပြည်တော် |
| ၄။ | ဆောင်ရွက်မည့်စီးရေ | – | 20 |
| ၅။ | လာရောက်ရမည့်နေ့ | – | 18-1-2021 |
| ၆။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | – | 0943053028 |

**မှတ်ချက်** (၁) ရယူထားသော သတ်မှတ်ချိန်အတွင်းလာရောက်ရန်နှင့်သတ်မှတ်ချိန်ထက်နောက်ကျပါကရက်ချိန်းစာရင်းမှ အလိုအလျောက်ပယ်ဖျက်မည်။

(၂) ကနဦးမော်တော်ဆိုင်ကယ်၊ ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရနအတွက် ကုမ္ပဏီတစ်ခုတွင် လာရောက်ဆောင်ရွက်မည့်သူတစ်ဦးအပါအဝင် အများဆုံးလူနှစ်ဦးသာ လာရောက် ဆောင်ရွက်ရန်။

(၃) Online Booking ရယူရာတွင် အမည်စာရင်းကြိုတင်ပေးပို့ထား သောသူသာ လာရောက်ဆောင်ရွက်ရန်။

(၄) ကနဦးမှတ်ပုံတင်လုပ်ငန်း လာရောက်ဆောင်ရွက်မည့်နေရာသို့ **အသက် (၆၀)နှစ်နှင့် အထက်သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများနှင့် ကလေးငယ်များ အားခေါ်လာခွင့်မပြု။**

၁။ ကနဦးမော်တော်ဆိုင်ကယ်**မှတ်ပုံတင်လုပ်ငန်းလာရောက်ဆောင်ရွက်ရာတွင် အောက်ပါစာရွက်စာတမ်းများယူဆောင်လာပါရန် –**

စာမျက်နှာ – ၄သို့ →

**(က) အရောင်းပြခန်းများတွင်ရောင်းချမည့် ပြည်ပမှတင်သွင်းလာသော မော်တော်ဆိုင်ကယ်**

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ကနဦးမှတ်ပုံတင်ရန် အကြောင်းကြားစာ

(၂) အရောင်းပြခန်းအလိုက် သက်ဆိုင်သည့် ရောင်းချမည့် မော်တော်ဆိုင်ကယ်၊ စာရင်း

(၃) သွင်းကုန်လိုင်စင်မိတ္တူ

(၄) သွင်းကုန်ကြေညာလွှာမိတ္တူ

(၅) Customs Statement မိတ္တူ

**(ခ) မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ထုတ်လုပ်သော မော်တော်ဆိုင်ကယ်**

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ကနဦးမှတ်ပုံတင်ရန် အကြောင်းကြားစာ

(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်ပေးသော Certificate of Approval (CoA) သို့မဟုတ် ကုမ္ပဏီ၏ Inspection Certificate (IC) မူရင်း + မိတ္တူ

(၃) ပိုင်ရှင်လျှောက်လွှာ

(၄) လာရောက်ဆောင်ရွက်သူ၏ ဓါတ်ပုံပါ စိစစ်ရေးကတ် မူရင်း + မိတ္တူ

၂။ **ကနဦးမှတ်ပုံတင်ရန်** လာရောက်ကြမည့်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် Covid-19 ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်(Version-1.0)ပါ အောက်ပါအချက်များကိုတိကျစွာလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

(က) Onlineတွင်ကြိုတင်ကြေညာထားသည့်လာရောက်ခွင့်မပြုသူများ**လုံးဝမလာရောက်ရန်၊**

(ခ) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်းစသည့်ရောဂါလက္ခဏာများခံစားနေရသူများ၊လွန်ခဲ့သော(၁၄)ရက်အတွင်းCOVID-19အတည်ပြုလူနာနှင့် ထိတွေ့ခြင်းရှိခဲ့သူများ**လုံးဝမလာရောက်ရန်၊**

(ဂ) ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield)ကိုလုပ်ငန်းလာရောက်ဆောင်ရွက်နေစဉ်ကာလတစ်လျှောက်လုံးမဖြစ်မနေဝတ်ဆင်အသုံးပြုရန်၊Mask လဲလှယ်လိုပါကအသုံးပြုပြီး Mask များကိုအဖုံးပါသောခြေနင်းအမှိုက်ပုံးအတွင်းသို့စနစ်တကျ စွန့်ပစ်ရန်၊

စာမျက်နှာ - ၅သို့ →

(ဃ) ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရန်အတွက် တစ်ဦးနှင့်တစ်ဦးအနည်းဆုံး(၆) ပေ အကွာနေရာသတ်မှတ်၍ နေထိုင်ရန်၊

(င) နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်းတစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ရန်၊
အသုံးပြုပြီးတစ်ရှူးများကိုအဖုံးပါသောခြေနင်းအမှိုက်ပုံးအတွင်းသို့စနစ်တကျ စွန့်ပစ်ရန်၊

(စ) အယ်လ်ကိုဟောအနည်းဆုံး(၆၀%)ပါဝင်သောရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer/Gel)ကိုဆောင်ထား၍ အသုံးပြုရန် (သို့မဟုတ်) ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကိုစက္ကန့် (၂၀)ကြာအောင် မကြာခဏစနစ်တကျ ဆေးကြောရန်၊

(ဆ) စည်းကမ်းမဲ့ တံတွေးထွေးခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းများ **လုံးဝ** မပြုလုပ်ရန်၊

(ဇ) **လူစုလူဝေးမဖြစ်စေရေးအထူးဂရုပြုရန်၊** မိမိ၏မော်တော်ယာဉ် ပေါ်တွင်သာ အတတ်နိုင်ဆုံးနေထိုင်ရန်နှင့် ကိစ္စတစ်စုံတစ်ရာမရှိဘဲအောက်သို့ဆင်းခြင်း၊ စုဝေး စကားပြောခြင်းနှင့် စားသောက်ခြင်းများ **လုံးဝ** မပြုလုပ်ရန်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကနဦးသုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်
## မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန်

# Letter of Appointment

နံနက်ပိုင်း (၉:၀၀ နာရီ မှ ၁၀:၃၀ နာရီအထိ)
သက်မှတ်ချိန်အတွင်းလုပ်ငန်းလာရောက်ဆောင်ရွက်ရန်

| | | |
|---|---|---|
| အမှတ်စဉ် | : | 5ffbb3mc1235 |
| ရက် စွဲ | : | 14-1-2021 |

| | | | |
|---|---|---|---|
| ၁။ | လာရောက်ဆောင်ရွက်မည့်သူအမည် | – | U MYO MIN HLAING |
| | လာရောက်ဆောင်ရွက်သူ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် | – | 12/BAHANA(N)011909 |
| ၂။ | ကုမ္ပဏီ/အရောင်းပြခန်း အမည် | – | MYO YI Win COLTD |
| | ကုမ္ပဏီ/အရောင်းပြခန်း၏ မှတ်ပုံတင်အမှတ် | – | 4567123 |
| ၃။ | လုပ်ငန်းဆောင်ရွက်မည့်ရုံး | – | နေပြည်တော် |
| ၄။ | ဆောင်ရွက်မည့်စီးရေ | – | 20 |
| ၅။ | လာရောက်ရမည့်နေ့ | – | 18-1-2021 |
| ၆။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | – | 0943053028 |

**မှတ်ချက်** (၁) ရယူထားသော သတ်မှတ်ချိန်အတွင်း လာရောက်ရန်နှင့် သတ်မှတ်ချိန်ထက် နောက်ကျပါကရက်ချိန်းစာရင်းမှ အလိုအလျောက်ပယ်ဖျက်မည်။

(၂) ကနဦးသုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ် မှတ်ပုံတင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ကုမ္ပဏီတစ်ခုတွင် လာရောက်ဆောင်ရွက် မည့်သူတစ်ဦးအပါအဝင် အများဆုံးလူနှစ်ဦးသာ လာရောက်ဆောင်ရွက်ရန်။

(၃) Online Booking ရယူရာတွင် အမည်စာရင်းကြိုတင်ပေးပို့ထားသောသူသာ လာရောက်ဆောင်ရွက်ရန်။

(၄) ကနဦးမှတ်ပုံတင်လုပ်ငန်း လာရောက်ဆောင်ရွက်မည့်နေရာသို့ **အသက်(၆၀)နှစ်နှင့် အထက်သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများနှင့် ကလေးငယ်များ အားခေါ်လာခွင့်မပြု။**

စာမျက်နှာ - ၇သို့ →

၁။ **ကနဦး**သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လူစီးသုံးဘီးမော်တော်ယာဉ် **မှတ်ပုံတင်လုပ်ငန်း လာရောက်ဆောင်ရွက်ရာတွင် အောက်ပါစာရွက်စာတမ်းများယူဆောင်လာပါရန် –**

**(က) အရောင်းပြခန်းများတွင် ရောင်းချမည့် ပြည်ပမှတင်သွင်းလာသော မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်**

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ကနဦး မှတ်ပုံတင်ရန် အကြောင်းကြားစာ

(၂) အရောင်းပြခန်းအလိုက်
သက်ဆိုင်သည့်ရောင်းချမည့်သုံးဘီးမော်တော်ဆိုင်ကယ်၊
လူစီးသုံးဘီးမော်တော်ယာဉ်စာရင်း

(၃) သွင်းကုန်လိုင်စင်မိတ္တူ

(၄) သွင်းကုန်ကြေညာလွှာမိတ္တူ

(၅) Customs Statement မိတ္တူ

**(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့်ထုတ်လုပ်သော** သုံးဘီး မော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ကနဦး မှတ်ပုံတင်ရန် အကြောင်းကြားစာ

(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်ပေးသော Certificate of Approval (CoA) သို့မဟုတ် ကုမ္ပဏီ၏ Inspection Certificate (IC) မူရင်း + မိတ္တူ

(၃) ပိုင်ရှင်လျှောက်လွှာ

(၄) လာရောက်ဆောင်ရွက်သူ၏ ဓါတ်ပုံပါ စိစစ်ရေးကတ် မူရင်း + မိတ္တူ

၂။ **ကနဦးမှတ်ပုံတင်ရန်** လာရောက်ကြမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနကထုတ်ပြန်ထားသောကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် Covid–19 ရောဂါ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်(Version–1.0)ပါ အောက်ပါ အချက်များကိုတိကျစွာလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်–

(က) Online တွင် ကြိုတင်ကြေညာထားသည့် လာရောက်ခွင့်မပြုသူများ **လုံးဝ မလာရောက်ရန်၊**

(ခ) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်းစသည့် ရောဂါလက္ခဏာများခံစားနေရသူများ၊ လွန်ခဲ့သော(၁၄)ရက် အတွင်း COVID–19 အတည်ပြုလူနာနှင့် ထိတွေ့ခြင်းရှိခဲ့သူများ **လုံးဝ မလာရောက်ရန်၊**

စာမျက်နှာ – ၈သို့ →

(ဂ) ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield)ကို လုပ်ငန်းလာရောက်ဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံး မဖြစ်မနေဝတ်ဆင် အသုံးပြုရန်၊ Mask လဲလှယ်လိုပါကအသုံးပြုပြီး Mask များကို အဖုံးပါသော ခြေနင်းအမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(ဃ) ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရန်အတွက် တစ်ဦးနှင့်တစ်ဦးအနည်းဆုံး(၆)ပေ အကွာနေရာသတ်မှတ်၍ နေထိုင်ရန်၊

(င) နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်းတစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ရန်၊
အသုံးပြုပြီးတစ်ရှူးများကိုအဖုံးပါသောခြေနင်းအမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(စ) အယ်လ်ကိုဟောအနည်းဆုံး(၆၀%)ပါဝင်သောရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer/Gel)ကိုဆောင်ထား၍ အသုံးပြုရန် (သို့မဟုတ်) ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကိုစက္ကန့် (၂၀)ကြာအောင် မကြာခဏစနစ်တကျ ဆေးကြောရန်၊

(ဆ) စည်းကမ်းမဲ့ တံတွေးထွေးခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းများ **လုံးဝ** မပြုလုပ်ရန်၊

(ဇ) **လူစုလူဝေးမဖြစ်စေရေးအထူးဂရုပြုရန်၊** မိမိ၏မော်တော်ယာဉ်ပေါ်တွင်သာ အတတ်နိုင်ဆုံးနေထိုင်ရန်နှင့် ကိစ္စတစ်စုံတစ်ရာမရှိဘဲအောက်သို့ဆင်းခြင်း၊ စုဝေးစကားပြောခြင်းနှင့် စားသောက်ခြင်းများ **လုံးဝ** မပြုလုပ်ရန်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာမျက်နှာ - ၉သို့ →

# ကနဦးထရော်လာဂျီယာဉ် မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန်
# Letter of Appointment

နံနက်ပိုင်း (၉:၀၀ နာရီ မှ ၁၀:၃၀ နာရီအထိ)
သက်မှတ်ချိန်အတွင်းလုပ်ငန်းလာရောက်ဆောင်ရွက်ရန်

| | | |
|---|---|---|
| အမှတ်စဉ် | : | 5ffbb2tl1235 |
| ရက် စွဲ | : | 14–1–2021 |

| | | | |
|---|---|---|---|
| ၁။ | လာရောက်ဆောင်ရွက်မည့်သူအမည် | – | U MYO MIN HLAING |
| | လာရောက်ဆောင်ရွက်သူ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် | – | 12/BAHANA(N)011909 |
| ၂။ | ကုမ္ပဏီ/အရောင်းပြခန်း အမည် | – | MYO YI Win COLTD |
| | ကုမ္ပဏီ/အရောင်းပြခန်း၏ မှတ်ပုံတင်အမှတ် | – | 4567123 |
| ၃။ | လုပ်ငန်းဆောင်ရွက်မည့်ရုံး | – | နေပြည်တော် |
| ၄။ | ဆောင်ရွက်မည့်စီးရေ | – | 10 |
| ၅။ | လာရောက်ရမည့်နေ့ | – | 18–1–2021 |
| ၆။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | – | 0943053028 |

**မှတ်ချက်** (၁) ရယူထားသော သတ်မှတ်ချိန်အတွင်းလာရောက်ရန်နှင့်သတ်မှတ်ချိန်ထက်နောက်ကျပါကရက်ချိန်းစာရင်းမှ အလိုအလျောက်ပယ်ဖျက်မည်။

(၂) ကနဦးထရော်လာဂျီယာဉ် မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန်အတွက် ကုမ္ပဏီတစ်ခုတွင် လာရောက်ဆောင်ရွက်မည့်သူ တစ်ဦးအပါအဝင် အများဆုံး လူနှစ်ဦးသာ လာရောက်ဆောင်ရွက်ရန်။

(၃) Online Booking ရယူရာတွင် အမည်စာရင်းကြိုတင်ပေးပို့ထားသောသူသာ လာရောက်ဆောင်ရွက်ရန်။

(၄) ကနဦးမှတ်ပုံတင်လုပ်ငန်းလာရောက်ဆောင်ရွက်မည့်နေရာသို့ **အသက်(၆၀)နှစ်နှင့် အထက်သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများနှင့် ကလေးငယ်များအားခေါ်လာခွင့်မပြု။**

၁။ ကနဦးထရော်လာဂျီယာဉ်**မှတ်ပုံတင်လုပ်ငန်းလာရောက်ဆောင်ရွက်ရာတွင် အောက်ပါစာရွက်စာတမ်းများယူဆောင်လာပါရန် –**

(က) သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မိတ္တူ။

(ခ) စက်မှုဝန်ကြီးဌာနမှ ထုတ်ပေးသော Certificate of Approval (CoA) သို့မဟုတ် ကုမ္ပဏီ၏ Inspection Certificate (IC) မူရင်း + မိတ္တူ

(ဂ) ပိုင်ရှင်လွှဲပြောင်းလွှာ

(ဃ) လာရောက်ဆောင်ရွက်သူ၏ ဓါတ်ပုံပါ စိစစ်ရေးကတ် မူရင်း + မိတ္တူ

၂။ **ကနဦးမှတ်ပုံတင်ရန်** လာရောက်ကြမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် Covid-19 ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်(Version-1.0)ပါ အောက်ပါအချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

(က) Online တွင် ကြိုတင်ကြေညာထားသည့် လာရောက်ခွင့်မပြုသူများ **လုံးဝမလာရောက်ရန်၊**

(ခ) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်းစသည့် ရောဂါလက္ခဏာများခံစားနေရသူများ၊ လွန်ခဲ့သော(၁၄)ရက်အတွင်း COVID-19 အတည်ပြုလူနာနှင့် ထိတွေ့ခြင်းရှိခဲ့သူများ **လုံးဝမလာရောက်ရန်၊**

(ဂ) ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield)ကို လုပ်ငန်းလာရောက်ဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံး မပြစ်မနေ ဝတ်ဆင်အသုံးပြုရန်၊ Mask လဲလှယ်လိုပါကအသုံးပြုပြီး Mask များကို အဖုံးပါသောခြေနင်းအမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(ဃ) ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရန်အတွက် တစ်ဦးနှင့်တစ်ဦးအနည်းဆုံး(၆)ပေ အကွာနေရာသတ်မှတ်၍ နေထိုင်ရန်၊

(င) နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်းတစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ရန်၊ အသုံးပြုပြီးတစ်ရှူးများကို အဖုံးပါသောခြေနင်းအမှိုက်ပုံး အတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(စ) အယ်လ်ကိုဟောအနည်းဆုံး(၆၀%)ပါဝင်သောရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer/Gel)ကိုဆောင်ထား၍ အသုံးပြုရန် (သို့မဟုတ်) ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကိုစက္ကန့် (၂၀)ကြာအောင် မကြာခဏစနစ်တကျ ဆေးကြောရန်၊

(ဆ) စည်းကမ်းမဲ့ တံတွေးထွေးခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းများ **လုံးဝ** မပြုလုပ်ရန်၊

(ဇ) **လူစုလူဝေးမဖြစ်စေရေးအထူးဂရုပြုရန်၊** မိမိ၏မော်တော်ယာဉ်ပေါ်တွင်သာ အတတ်နိုင်ဆုံးနေထိုင်ရန်နှင့် ကိစ္စတစ်စုံတစ်ရာမရှိဘဲအောက်သို့ဆင်းခြင်း၊ စုဝေးစကားပြောခြင်းနှင့် စားသောက်ခြင်းများ **လုံးဝ** မပြုလုပ်ရန်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**